JUSTICE FOR MYANMAR

သတင်းထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်၊ မြန်မာ

# သုံးနှစ်ကြာ ခုခံတော်လှန်မှုက တရားမဝင် မြန်မာစစ်အုပ်စု၏ ထိမ်းချုပ်နိုင်စွမ်းကို ပိတ်ပင်တားဆီးနိုင်ခဲ့

## *စစ်ရာဇဝတ်ဂိုဏ်း မုချ ကျရှုံးရမည်*

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာစစ်အုပ်စုက တရားမဝင် အာဏာသိမ်းကြိုးပမ်းမှုကို စတင်ခဲ့သည်။ လွန်ခဲ့သည့် သုံးနှစ်တာကာလပတ်လုံး မြန်မာပြည်သူများ၏ မြဲမြံပြောင်မြောက်လှသည့် တခဲနက် ခုခံတော်လှန်မှုကြောင့် စစ်အုပ်စုသည် တိုင်းပြည်ကို ထိရောက်စွာ ထိမ်းချုပ်နိုင်ခြင်း မရှိခဲ့ပေ။

မြန်မာစစ်အုပ်စုသည် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းနှင့် အထူးသဖြင့် လူမျိုးစုနှင့် ဘာသာရေး လူနည်းစုများအပေါ် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်ခဲ့ကြောင်း သက်သေထူသည့် ဆယ်စုနှစ်များစွာကြာ မှတ်တမ်းများရှိခဲ့သည်။ လွန်ခဲ့သည့်သုံးနှစ် အာဏာသိမ်းကြိုးပမ်းချိန်မှစတင်၍ စစ်အုပ်စုသည် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့ကာ ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပြစ်ဒဏ်ကင်းလွတ်စွာဖြင့် ကျူးလွန်ခဲ့ကြပြီး မြန်မာနိုင်ငံအတွင်း စီးပွားရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲ အကျပ်အတည်းများကို ဖြစ်ပေါ်စေခဲ့သည်။ စစ်အုပ်စု၏ အကြမ်းဖက်မှုနှင့် လူမဆန်သော လုပ်ရပ်များကို ပြည်တွင်းနှင့် နိုင်ငံတကာ ကုမ္ပဏီကွန်ရက်များအပါအဝင် တရားမဝင် သဘာဝသယံဇာတနှင့် မူးယစ်ဆေးဝါး ကုန်သွယ်မှုတို့က ထောက်ပံ့ပေးခဲ့ပြီး အာဆီယံကလည်း သံတမန်ရေး၊ စစ်ရေး၊ နည်းပညာ၊ ငွေကြေးနှင့် ထောက်လှမ်းရေးဆိုင်ရာနည်းပညာများ ပံ့ပိုးပေးခြင်းဖြင့် လမ်းခင်းပေးခဲ့သည်။

### ခုခံတော်လှန်ရေး လှုပ်ရှားမှု မည်မျှခရီးပေါက်နေသနည်း?

**နွေဦးတော်လှန်ရေး** - လက်တွေ့မြေပြင်တွင် သာမန်မြန်မာပြည်သူလူထုသည် လူမျိုးရေး၊ ဘာသာရေး၊ မျိုးဆက်နှင့် အဆင့်အတန်း စသည့် သွေးထိုးလှုံ့ဆော်မှုများကို ဖြတ်ကျော်နိုင်ခဲ့သည်။ တရားမဝင် စစ်အုပ်စုနှင့် စစ်ဘက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများကို ဆန့်ကျင်သပိတ်မှောက်ကာ ဒီမိုကရေစီကို ကာကွယ်ရန်အတွက်

တိုင်းရင်းသား တော်လှန်ရေးတပ်များနှင့်အတူ လက်နက်ကိုင်ဆောင်ခဲ့ကြသည်။ ဘက်ပြောင်းခိုလှုံမှု အပါအဝင် အများအပြား လက်နက်ချခဲ့မှုကြောင့် မြန်မာစစ်တပ်သည် စစ်သည် ထောင်ပေါင်းများစွာကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ တိုင်းရင်းသားတော်လှန်ရေးတပ်များနှင့် နွေဦးတော်လှန်ရေး ခုခံကာကွယ်ရေးတပ်များ ပါဝင်သည့် မဟာမိတ်တပ်ဖွဲ့များ၏ ဘက်ပေါင်းစုံမှ တိုက်ခိုက်မှုကြောင့် နယ်မြေအများအပြားကိုလည်း ဆက်တိုက်ဆုံးရှုံးနေရသည်။

**လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ** - လူထုအချင်းချင်း ရပ်ရွာအခြေပြု အရေးပေါ် လူသားချင်းစာနာမှု အကူအညီများသည် မြန်မာစစ်အုပ်စု၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အိုးအိမ်မဲ့ ဖြစ်ခဲ့ရသည့် ထိခိုက်ခံစားနေရသော လူဦးရေအများစု၏ အသက်ကို ကယ်ဆယ်ပေးခဲ့သည်။ အရေးပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကိုဆောင်ရွက်ရင်း အကြမ်းဖက်စစ်အုပ်စုကို ဆက်လက် တွန်းလှန်ခဲ့ကြသည်။

**ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုများ**- မြန်မာနိုင်ငံတစ်ဝှမ်းရှိ ရဲရင့်သူများ၊ ပြည်ပရောက် မြန်မာပြည်သူများနှင့် ကမ္ဘာတစ်ဝှမ်းရှိ အရပ်ဘက်အဖွဲ့အစည်းများက စည်းလုံးညီညွတ်စွာဖြင့် စစ်အုပ်စုကို အရေးယူစေရေး သက်ဆိုင်ရာအစိုးရများကို တိုက်တွန်းခဲ့သည်။ ပစ်မှတ်ထား ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုများသည် စစ်အုပ်စု၏ ကမ္ဘာလုံးဆိုင်ရာ လက်နက်နှင့်ငွေကြေး ကွန်ရက်ကို ထိခိုက်စေခဲ့သည်။

**သပိတ်မှောက်မှုများ** - စစ်အုပ်စုထုတ်ကုန်များအပေါ် အစုလိုက်အပြုံလိုက် သပိတ်မှောက်ခြင်းသည် ဗိုလ်ချုပ်ကြီးများ၏ အိတ်ကပ်ကိုထိမှန်ခဲ့ပြီး ၎င်းတို့၏ အကျင့်ပျက်စီးပွားရေးကွန်ရက်များကိုပါ ထိခိုက်စေခဲ့သည်။ မြန်မာဘီယာ၊ Red Ruby စီးကရက်နှင့် Mytel ဆင်းကတ်ကဲ့သို့သော ကုန်ပစ္စည်းများကို ဆိုင်များမှ ဖယ်ရှားခဲ့ပြီး အများအသိ ဖျက်ဆီးခဲ့သည်။

**ပြန်လည်ရုတ်သိမ်းခြင်း** - ဖိအားများအောက်တွင် ကုမ္ပဏီများသည် စစ်အုပ်စုနှင့် လုပ်ဆောင်နေသော ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို ရပ်တန့်ခဲ့ကြပြီး၊ အစုရှယ်ယာရှင်များသည်လည်း စစ်အုပ်စုနှင့် ပုံမှန်အတိုင်း ဆက်လက်လုပ်ကိုင်နေသည့် ကုမ္ပဏီများထံရှိ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်ရုတ်သိမ်းခဲ့ကြသည်။ နိုင်ငံစုံကော်ပိုရေးရှင်းများသည် စစ်အုပ်စုနှင့် လုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းများမှ ဒေါ်လာသန်း ရာပေါင်းများစွာကို ပြန်လည်ထုတ်ယူသွားခဲ့ကြသည်။

## စစ်ရာဇဝတ်ဂိုဏ်းကို ကျွန်ုပ်တို့အတူ ဖြိုဖျက်နိုင်သည်

၂၀၂၃ ခုနှစ်တွင် Justice for Myanmar က နိုင်ငံခြားအစိုးရ ၂၂ ခု၊ အစိုးရများပါဝင်သည့် အဖွဲ့အစည်း ၂၆ ခု (ကုလသမဂ္ဂအဖွဲ့အစည်း ၁၄ ခု အပါအဝင်)၊ နိုင်ငံခြားငွေကြေးဆိုင်ရာ အဖွဲ့အစည်း ၈ ခုနှင့် စစ်အုပ်စုကို

နိုင်ငံရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးကူညီမှုပေးနေသည့် အခြားသော နိုင်ငံတကာအဖွဲ့အစည်း ၈ ခုတို့နှင့် ပတ်သက်သည့် အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။

အစီရင်ခံစာတွင် “စစ်အုပ်စုကို ၎င်းတို့ထောက်ခံနေမှုအပေါ် ပြန်လည်တားဆီးပိတ်ပင်ရန် သို့မဟုတ် ပြုပြင်ရန် လုပ်ဆောင်ခဲ့သော အစိုးရနှင့်အဖွဲ့အစည်း အရေအတွက်များ တိုးလာနေသည်” ကို တွေ့ရှိခဲ့သည်။

အမေရိကန်၊ ယူကေ၊ ကနေဒါ၊ အီးယူနှင့် ဩစတြေးလျတို့က စစ်အုပ်စုထိပ်တန်းပုဂ္ဂိုလ်များနှင့် ၎င်းတို့၏ အကျိုးစီးပွားအချို့အပေါ် ပိတ်ဆို့အရေးယူမှုများ အဆင့်ဆင့်ချမှတ် ခဲ့သော်လည်း၊ အာဆီယံ၏ မြန်မာစစ်အုပ်စု အပေါ် ချဉ်းကပ်မှုသည် အထောက်အပံ့နှင့် ရှုပ်ထွေးမှုကိုသာ ဖြစ်စေခဲ့သည်။ အာဆီယံသည် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်း လေ့ကျင့်ရေးဆိုင်ရာ ပဏာမခြေလှမ်းများတွင် စစ်အုပ်စု ဦးဆောင်ပါဝင်ရန်ကိုပင် ခွင့်ပြုခဲ့သည်။ ထင်ရှားသည်မှာ အာဏာသိမ်း ကြိုးပမ်းမှုနောက်ပိုင်း စင်ကာပူသည် မြန်မာစစ်အုပ်စုကို တတိယအကြီးဆုံး စစ်လက်နက်ပစ္စည်း ထောက်ပံ့သည့်နိုင်ငံဖြစ်နေခဲ့ပြီး စင်ကာပူ ကုမ္ပဏီ အနည်းဆုံး ၁၃၈ ခုမှ အမေရိကန်ဒေါ်လာ ၂၅၄ သန်း တန်ဖိုးရှိသော ကုန်သွယ်မှုများရှိခဲ့ကြောင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ ပြောကြားချက်အရ သိရသည်။

**Justice For Myanmar မှ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** “မြန်မာပြည်သူတွေဟာ သူတို့ရဲ့ ရပ်ရွာ၊ တိုင်းပြည်နဲ့ အနာဂတ်တွေအပေါ် တရားမဝင် စစ်အုပ်စုရဲ့ ချုပ်ကိုင်မှုတွေကို သုံးနှစ်ကြာတိုင် အောင်အောင်မြင်မြင် ပိတ်ပင်တားဆီးနိုင်ခဲ့ပါတယ်။

မြန်မာပြည်သူတွေဟာ အကြမ်းဖက်စစ်အုပ်စုကို လက်ခံဖို့ ဒါမှမဟုတ် တရားဝင်စေဖို့ ဆိုတာတွေကို လုံးဝခွင့်မပြုပဲ ငြင်းဆန်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ ဖက်ဒရယ်ဒီမိုကရေစီ အင်အားစုတွေဟာ နယ်မြေစိုးမိုးရေး၊ အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲထိမ်းချုပ်ရေး ဆိုင်ရာတွေကို လျင်မြန်စွာ ချဲ့ထွင်နေကြပြီး ထောင်နဲ့ချီတဲ့ စစ်သားတွေဟာ အကြမ်းဖက်စစ်အုပ်စုဘက်ကနေ ပြည်သူလူထုဘက်ကို ဘက်ပြောင်းလာတာ ဒါမှမဟုတ် လက်နက်ချတာတွေ ပြုလုပ်လာကြပါပြီ။

ပစ်မှတ်ထား ပိတ်ဆို့အရေးယူမှုတွေက စစ်ရာဇဝတ်ဂိုဏ်းရဲ့ ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်ကို ထိခိုက်စေခဲ့သလို၊ နိုင်ငံစုံကော်ပိုရေးရှင်းတွေကလည်း တရားမဝင်စစ်အုပ်စုနဲ့ ပူးတွဲလုပ်ဆောင်နေတဲ့ စီးပွားရေးလုပ်ငန်းတွေကနေ ဒေါ်လာသန်းရာနဲ့ချီတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ပြန်လည်ရုတ်သိမ်းခဲ့ကြပါတယ်။

ဒါတွေဟာ ဘက်ပေါင်းစုံက ဖိအားပေါင်းစုံကြောင့် ဖြစ်ပေါ်လာတဲ့ အကြမ်းဖက်စစ်အုပ်စုရဲ့ သုံးနှစ်ကြာ ရှုံးနိမ့်မှုပါပဲ။

နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ အရပ်သားတွေရဲ့အသက်နဲ့ဘဝတွေကို အကာအကွယ်ပေးဖို့နဲ့ စစ်အုပ်စုဆီကို လက်နက်၊ စက်ကိရိယာ၊ နည်းပညာနဲ့ လေယာဉ်လောင်စာဆီ စီးဆင်းနေမှုကို ပီပီပြင်ပြင် ဖြတ်တောက်နိုင်ဖို့ အားလုံးက ညီညီညွတ်ညွတ်နဲ့ တပြိုင်နက် ပူးပေါင်းဆောင်ရွက်ပေးကြဖို့ လိုပါတယ်။

အခုအချိန်မှာ အကြမ်းဖက်စစ်အုပ်စုကို စည်းလုံးညီညွတ်စွာ ခုခံတော်လှန်နေတဲ့ မြန်မာပြည်သူတွေရဲ့စကားကို စစ်အုပ်စုအနေနဲ့ မဖြစ်မနေ နားထောင်ရမှာပဲ ဖြစ်ပါတယ်” ဟု ပြောကြားခဲ့သည်။

## ပိုမိုသိရှိရန်

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ် ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။

Justice For Myanmar | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/